# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 1 , 2022 | Volume 53, Number 1


***၃၁.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၁ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၂၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၅၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၇၈.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၃၄.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၉.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၂.၇၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၄၀၁ ကျပ် |

Source: CBM Rate, etrademyanmar.com

*၁.၄.၂၀၂၂ ရက်နေ့သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ဈေးနှုန်းပြောင်းလဲခြင်းမရှိပါ


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စားသောက်ကုန်နှင့် စက်မှုအခြေခံသုံးပစ္စည်း တင်သွင်း၊ အသုံးပြုသည့်လုပ်ငန်းရှင်များကို ကူညီမည်ဟု ကုန်သွယ်ရေးဦးစီးဌာနထုတ်ပြန်

စားသောက်ကုန်နဲ့စက်မှုအခြေခံသုံး သွင်းကုန်ပစ္စည်းတွေဖြစ်တဲ့ ပလတ်စတစ်ကော်စေ့၊ သံ/သံမဏိ၊ စက္ကူနဲ့ဓာတုပစ္စည်းတင်သွင်းသူများ၊ အသုံးပြုတဲ့ စက်မှုလုပ်ငန်းရှင်တွေကို ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးမယ်လို့ ကုန်သွယ်ရေးဦးစီးဌာနက အသိပေးထားပါတယ်။

ကုန်ပစ္စည်းတင်သွင်းမှုနဲ့ ဝယ်ယူအသုံးပြုမှု လုပ်ငန်းစဉ်တွေ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေဖို့ ရည်ရွယ်ကာ သက်ဆိုင်ရာဌာနတွေနဲ့ချိတ်ဆက်ပြီး လိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးမယ်လို့ဆိုပါတယ်။

ဒါ့ကြောင့် တင်သွင်းသူများနဲ့ စက်မှုလုပ်ငန်းရှင်တွေအနေနဲ့ ကုန်သည်၊ စက်မှုအသင်းချုပ်–UMFCCI နဲ့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း–MCRRI တို့ထံ ဧပြီလ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ စာရင်းပေးသွင်းနိုင်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားပါတယ်။

**Source: BETV Business**

## လျှပ်စစ်ပစ္စည်းများနှင့် ဆပ်ပြာကုန်ကြမ်းများအပါအဝင် ကုန်စည် ၁၇ မျိုးကို သွင်းကုန်လိုင်စင်လျှောက်ထားရမည်

ပြည်ပမှတင်သွင်းသည့် လျှပ်စစ်ပစ္စည်းများနှင့် အပိုပစ္စည်းများ၊ ဆပ်ပြာကုန်ကြမ်းများအပါအဝင် ကုန်စည် ၁၇ မျိုးကို ၂၀၂၂ ခုနှစ် မေလ ၁ ရက်မှစတင်ကာ သွင်းကုန်လိုင်စင်လျှောက်ထားပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက သတင်းထုတ်ပြန်သည်။

တဆေး၊ အထွေထွေစားသောက်ကုန်၊ အိမ်မွေးတိရစ္ဆာန်အစာ၊ ဆိုးဆေး၊ ဆပ်ပြာကုန်ကြမ်း၊ အရောင်တင်ဆီ၊ အထွေထွေသုံးဓါတုဗေဒပစ္စည်း၊ သားရေကုန်ကြမ်းပစ္စည်း ၊ ဂုန်လျှော်ကြိုး၊ နိုင်လွန်ချည်၊ ကြိုးအမျိုးမျိုး၊ စက်နှင့်စက်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်မော်တာ၊ ဂျင်နရေတာ၊ လျှပ်စစ်ဆိုင်ရာပစ္စည်းနှင့် အပိုပစ္စည်းများအကြုံးဝင်သည့် H.S Code 6 digit ဖြင့် ကုန်စည် (၅၃၆) လိုင်း (သို့မဟုတ်) H.S Code 10 digit ဖြင့် ကုန်စည် (၁၁၃၁) လိုင်းကို သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် ထပ်တိုးသတ်မှတ်လိုက်ခြင်းဖြစ်သည်။

အဆိုပါလိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပမှပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပမှတင်သွင်းသည့်ကုန်စည်အချို့ကို သွင်းကုန်လိုင်စင်စနစ်ဖြင့် ထိန်းညှိဆောင်ရွက်နိုင်ရန်ဟုဆိုကာ ပထမအဆင့်နှင့် ဒုတိယအဆင့်များတွင် အိမ်သုံးပစ္စည်းများ၊ အထည်လိပ်ကုန်ကြမ်းများနှင့် လူသုံးကုန်ပစ္စည်းများကို သွင်းကုန်လိုင်စင် လျှောက်ထားရန်သတ်မှတ်ခဲ့သည်။

**Source:** http://sdtimedaily.com/

## မြန်မာ့ပိုင်နက်ပင်လယ်ပြင်အတွင်း ငါးသယံဇာတနှင့်ငါးမျိုးစိတ်များ ထိန်းသိမ်းရန်အတွက် ငါးဖမ်းခွင့် ယာယီ ၃လ ပိတ်ထားမည်ဟုဆို

ငါးသယံဇာတနှင့် ငါးမျိုးစိတ်များ ထိန်းသိမ်းရန်အတွက် မြန်မာ့ပိုင်နက်ပင်လယ်ပြင်အတွင်း ငါးဖမ်းခွင့်အားလုပ်ငန်းအမျိုးအစားအလိုက် ၃ လတာ ယာယီပိတ်ထားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဦးစီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းက ဆင်ဟွာသို့ ယနေ့ မတ် ၃၁ ရက်တွင် ပြောသည်။ “ငါးတွေမိတ်လိုက်ပြီး မျိုးပွားတဲ့ကာလဖြစ်တဲ့အတွက် ဧပြီ၊ မေ၊ ဇွန် ၃ လကို ငါးဖမ်းဆီးခွင့် ယာယီပိတ်ထား ရတာဖြစ်ပါတယ်။ ငါးသယံဇာတတွေ ပျက်ဆီးမှုမရှိဖို့ ဆောင်ရွက်ရတာဖြစ်ပါတယ်” ဟု ဦးလှထွန်းကပြောသည်။

ယခုနှစ်မြန်မာ့ပင်လယ်ပြင် ငါးမဖမ်းရကာလသတ်မှတ်ရာတွင် ရာသီအလိုက်လုပ်ကိုင်ရသော အင်္ဂလန်ကျား၊ ကင်းမွန်ဖမ်းသည့်လုပ်ငန်း၊ ဝိုင်းချုပ် (ဝါးတန်း) စသည့်လုပ်ငန်းလုပ်ကိုင်သည့် လှေများကို မေ ၁ ရက် မှ ဇွန် ၃၁ ရက်အထိနှစ်လကြာ ငါးဖမ်းခွင့်ပိတ်မည်ဖြစ်ပြီး၊ တရွတ်ဆွဲပိုက်၊ ဘုံကျောင်းကျားပိုက်၊ မျှောပိုက်၊ စိမ်ပိုက်၊ ငါးမျှားတန်း၊ မြှုံးလှေစသောလုပ်ငန်းများကို ဧပြီ ၁ ရက်မှ ဇွန် ၃၁ ရက်အထိ ငါးဖမ်းခွင့် ၃ လပိတ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယင်းကာလများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နှက်နေသော ငါးမကြီးများနှင့်မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာလာရှာ၍ ငါးရစ်တက်ကြကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ “အဲဒီငါးရစ်တွေကို ဖမ်းဆီးလိုက်ရင် ငါးတွေမိတ်လိုက်တာ၊ ဥချသားပေါက်တာတွေ မလုပ်နိုင်တော့လို့ မျိုးမပေါက်ပွားနိုင်တော့ရင် ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနဲ့ ငါးရိက္ခာဖူလုံစွာ စားသောက်နိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားနိုင်တဲ့အတွက် အားလုံးစည်းကမ်းလိုက်နာစေချင်ပါတယ်” ဟု ၎င်းကဆက်ပြောသည်။

**Source:** https://xinhuamyanmar.com/news/myanmar/2231030014-1/

## မကွေးတိုင်းဒေသကြီးဈေးကွက်အတွင်း နှမ်းသီးနှံအချို့ဈေးတက်

မကွေးတိုင်းဒေသကြီးအတွင်း မတ်လနောက်ဆုံးပတ်တွင် ဆီကြိတ်နှမ်းများဖြစ်သော နှမ်းနီနှင့်နှမ်းပြာဈေးများ ဈေးအနည်းငယ်တက်နေသလို လှော်နှမ်းဖြစ်တဲ့ နှမ်းဖြူများလည်း ဈေးတက်နေတာကို တွေ့ရပါတယ်။ နှမ်းဖြူကိုတော့ မန္တလေးကိုတင်ပို့နေရပြီး နှမ်းနီနှင့်နှမ်းပြာကိုတော့ ဆီစက်လုပ်ငန်းရှင်များမှ ဝယ်ယူနေကြောင်း၊ ယခုအချိန်မှာတော့ ဈေးကွက်ထဲသို့ အဝင်နည်း ပါးနေကာ တစ်ရက်လျှင် နှမ်းနီအိတ်(၁၀၀)ပတ်လည်သာဝင်ရောက်နေပြီး နှမ်းဖြူအနေဖြင့် အိတ်(၂၀)မှ (၂၅)အိတ်အထိသာဝင်ရောက်ပြီး အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ယခုနှစ် အထွက်နှုန်းလည်းနည်းပါးသလို လောင်လက်ထဲတွင်လည်း ပစ္စည်းလက်ကျန်နည်းပါးနေချိန်ဖြစ်၍ ဈေးနှုန်းအနည်းငယ် မြင့်တက်လာခြင်းဖြစ်တယ်လို့ သိရပါတယ်။

ယခင်နှစ်က နှမ်းပေါ်ပြီးနောက်ပိုင်းတွင် ဈေးကျလာခြင်း၊ ရာသီဥတုအဆင်မပြေမှုများကြောင့် အထွက်နှုန်းနည်းခဲ့တဲ့အတွက် လျှော့၍စိုက်ပျိုးကြသဖြင့် သီးနှံထွက်ပေါ်စမှာတော့ ဈေးကောင်းရခဲ့သလို နောက်ပိုင်းတဖြေးဖြေးဈေးကျလာကာ ယခုလက်ကျန်နည်းပါးချိန်တွင် ဈေးအနည်းငယ်ပြန် တက်လာခဲ့တယ်လို့ ကုန်သည်အသိုင်းအဝိုင်းထံမှ သိရပါသည်။

နှမ်းဖြူ(၄၅)ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင် ယခင်နေ့(၁၅၀၀၀၀)ကျပ်ဈေးဖြစ်ပြီး ယနေ့ (၃၀.၃.၂၀၂၂)ရက်နေ့တွင် (၁၅၅၀၀၀) ကျပ်ဈေး၊ နှမ်းနီ(၄၅)ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင် ယခင်နေ့ (၁၅၀၀၀၀)ကျပ်ဈေးဖြစ်ပြီး ယနေ့(၃၀.၃.၂၀၂၂)ရက်နေ့တွင် (၁၅၅၀၀၀) ကျပ်ဈေး၊ နှမ်းပြာ(၄၅)ပိဿာ (၃)တင်းဝင်(၁)အိတ်လျှင် ယခင်နေ့(၁၅၀၀၀၀)ကျပ်ဈေးဖြစ်ပြီး ယနေ့(၃၀.၃.၂၀၂၂)ရက်နေ့တွင် (၁၅၅၀၀၀) ကျပ်ဈေး ဖြစ်တဲ့အတွက် (၄၅)ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင် (၅၀၀၀)ကျပ်စီ ဈေးအနည်းငယ်မြင့် တက်လျှက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## မကွေးတိုင်းဒေသကြီးတွင် မတ်လနောက်ဆုံးပတ်အတွင်း ပဲအချို့ဈေးအနည်းငယ်တက်

မကွေးတိုင်းဒေသကြီး ယခုတစ်ပတ်အတွင်း ပဲမျိုးစုံဈေးကွက်တွင် ပဲအချို့ဈေးအနည်းငယ် မြင့်တက်လာကာ ပဲအဝင် အနေဖြင့် မရှိသလောက်နည်းပါးနေပြီး လက်ကျန်လှောင်ပဲများသာ ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးအနည်းငယ်မြင့်တက်လာတာကို တွေ့ရပါတယ်။ အရည်အသွေးနဲ့ ဝယ်လိုအားပေါ်မူတည်ပြီးလည်း ဈေးကောင်းရနေတယ်လို့ သိရှိရပါတယ်။

ပဲစဉ်းငုံ(နီ)(၁)တင်းလျှင် ယခင်တစ်ပတ်(၄၄၀၀၀)ကျပ်ဈေးဖြစ်ပြီး ယခုတစ်ပတ်(၄၅၀၀၀) ကျပ်ဈေးဖြစ်တဲ့အတွက် (၁၀၀၀)ကျပ်၊ ပဲတီစိမ်း(၁)တင်းလျှင် ယခင်တစ်ပတ် (၄၂၀၀၀)ကျပ်ဈေးဖြစ်ပြီး ယခုတစ်ပတ်(၄၄၀၀၀)ကျပ် ဈေးဖြစ်တဲ့အတွက်(၂၀၀၀)ကျပ်၊ မတ်ပဲ(၁)တင်းလျှင် ယခင် တစ်ပတ်(၄၆၅၀၀)ကျပ်ဈေးဖြစ်ပြီး ယခုတစ်ပတ် (၄၇၀၀၀)ဈေးဖြစ်တဲ့အတွက်(၅၀၀)ကျပ်၊ ကုလားပဲ (မြကြေး)(၁)တင်းလျှင် ယခင်တစ်ပတ် (၄၅၀၀၀)ကျပ်ဈေးဖြစ်ပြီး ယခုတစ်ပတ်(၄၅၅၀၀)ကျပ်ဈေးဖြစ်တဲ့အတွက်(၅၀၀)ကျပ်၊ ပဲကြီး(၁)တင်းလျှင် ယခင်တစ်ပတ် (၅၈၀၀၀)ကျပ်ဈေးဖြစ်ပြီး ယခု တစ်ပတ်(၆၁၀၀၀)ကျပ်ဈေးဖြစ်တဲ့အတွက်(၃၀၀၀)ကျပ်၊ စွန်တာ(ကျွန်း)(၁)တင်းလျှင် ယခင် တစ်ပတ်(၃၉၈၀၀)ကျပ်ဈေးဖြစ်ပြီး ယခုတစ်ပတ်(၄၁၄၀၀) ကျပ်ဈေးဖြစ်တဲ့အတွက် (၁၆၀၀)ကျပ်၊ ထောပြူ(ကျွန်း)(၁)တင်းလျှင် ယခင်တစ်ပတ်(၄၀၅၀၀)ကျပ်၊ ယခုတစ်ပတ်(၄၂၀၀၀)ကျပ်ဈေးဖြစ်တဲ့အတွက်(၁၅၀၀)ကျပ်တို့ ဈေးအသီးသီးတက်ခဲ့ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## စစ်တွေခရိုင်၊ ပေါက်တောမြို့နယ် ကဏန်းတင်ပို့မှုအခြေအနေ


https://www.commerce.gov.mm/my/article/%

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်တာဝန်ခံ ဦးကျော်သိန်းအောင်နှင့် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမောင်တင်တို့သည် မတ် ၈ ရက် နံနက်စနာရီခွဲတွင် ပေါက်တောမြို့ အရှေ့ပိုင်းရပ်ကွက်အတွင်းရှိ ထူးချွန်ကဏန်းရောင်းဝယ်ရေး အဝယ်ဒိုင်သို့သွားရောက်ကာ ပိုင်ရှင်ဦးခိုင်ကျော်လှနှင့်တွေ့ဆုံကာ ကဏန်းတင်ပို့မှုနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရာ ထူးချွန်ကဏန်းရောင်းဝယ်ရေးအဝယ်ဒိုင်အနေဖြင့် ပြည်ပနိုင်ငံများသို့ ကဏန်းတင်ပို့ခြင်းကို ၂၀၁၀ခုနှစ် ဇန်နဝါရီလမှစ၍ ဆောင်ရွက်လျက်ရှိသည်။ ရေထွက်ပစ္စည်းများထုတ်လုပ်မှုမှာ ရေချို၊ ရေငန်၊ ငါး၊ ပုစွန်ထုတ်လုပ်မှုအပြင် သဘာဝရေအရင်းအမြစ်ထဲမှ နိုင်ငံခြားဝင်ငွေရှာပေးနေသည့် ကဏန်းတင်ပို့မှုမှာလည်း အဓိက အခန်းကဏ္ဍမှ ပါဝင်နေပေသည်။

ကမ္ဘာပေါ်တွင် ကဏန်းရှစ်မျိုးရှိသည့်အနက် ကျွန်တော်တို့ပေါက်တောမြို့နယ်မှာ တောရွံ့ကဏန်းနှင့် ဒီရေတောကဏန်း နှစ်မျိုးသာအထွက်များသည်။ ပေါက်တောမြို့နယ် ကဏန်းအဝယ်ဒိုင်များတွင် ကဏန်းရောင်းချလျှင် ရှယ်နှင့်(Joy)ဆိုပြီး နှစ်မျိုးခွဲခြားဝယ်ယူလေ့ရှိသည်။ ကဏန်းဝယ်ဈေး၊ ရောင်းဈေးသည် ဝယ်လိုအားအပေါ်မူတည်၍ အတက်အကျရှိပြီး၊ ယခုရက် ၁၀၀-ဂရမ် အထက်အဆင့်(1kg) လျှင် ဈေးနှုန်းကျပ် ၃၀၀၀နှင့် ၁၀၀-ဂရမ်အောက် (1kg)လျှင် ကျပ် ၉၀၀ ပေးဝယ်ရပြီး ဝယ်ယူရရှိသောကဏန်းများကို ဒိုင်တွင်ထားပြီး ရန်ကုန်သို့ကားဖြင့်တင်ပို့ကြသည်။ ကဏန်းများကို ရေငန်ထဲသို့ တစ်နေ့နှစ်ကြိမ်၊ တစ်ကြိမ်လျှင် ငါးမိနစ်ခန့်စိမ်ပေးရသည်။ ဒေသအခေါ်တောရေကျွေးတယ်လို့ခေါ်သည်။

ကဏန်းများကို ရေတစ်ခါကျွေးလျှင် ခြောက်ရက်မှခုနစ်ရက်ထိခံနိုင်ရည်ရှိပြီး၊ ရန်ကုန်ဒိုင်အရောက် ၁၀၀-ဂရမ်အထက် (1kg)လျှင် ဈေးနှုန်းကျပ် ၆၀၀၀ နှင့် ၁၀၀-ဂရမ်အောက် (1kg)လျှင် ကျပ် ၁၆၀၀ ထိရရှိကာ ကဏန်းတင်ပို့လုပ်ကိုင်သူများ အနေဖြင့် အဆင်ပြေတွက်ခြေကိုက်သလို ကဏန်းရောင်းဝယ်တင်ပို့မှုလုပ်ငန်းသည် ကဏန်းကိုသက်ရှိအတိုင်း ကိုင်တွယ်လုပ်ကိုင်ရသဖြင့် အမြတ်ကြီးသလို အရှုံးကြမ်းသည့်လုပ်ငန်းမျိုးဖြစ်သည်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်သည် ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ရေမြေသဘာဝကောင်းမွန်ပြီး မြေလွတ်၊ မြေရိုင်း၊ မြစ်ချောင်းများပွားများခြင်း၊ ရာသီဥတု မျှတခြင်း၊ ကုန်ကြမ်းရရှိမှုလွယ်ကူခြင်း၊ ရခိုင်ပြည်နယ်အတွက် အမယ်သစ် (Value added) ပြည်ပပို့ကုန်တိုးမြှင့်လာခြင်းများ

ဖြစ်ပေါ်လာကာ နိုင်ငံအကျိုးပြု ပြည်သူအကျိုးပြု ကုန်ထုတ်လုပ်ငန်းများတိုးမြှင့်လာခြင်းတို့ကြောင့် ကဏ္ဍန်းတင်ပို့ရောင်းချမှုလုပ်ငန်းအပြင် ငါး၊ ပုစွန်သားပေါက်မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်နိုင်သည့်အခွင့်အလမ်းများရရှိနိုင်ပါ၍ ပြည်တွင်း/ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် စိတ်ပါဝင်စားစွာ ရခိုင်ပြည်နယ်သို့ လာရောက်ရင်းနှီးမြှုပ်နှံမှုများလုပ်ကိုင်ဆောင်ရွက်ပါက အလုပ်လက်မဲ့များ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ စီးပွားရေးအကျိုးကျေးဇူးများ ခံစားနိုင်မည်ဖြစ်ပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**Source: စားသုံးသူရေးရာဦးစီးဌာန၊ ပေါက်တောမြို့**

https://www.commerce.gov.mm/my/article/%E1%80%80%E1%80%8F%E1%80%94%E1%80

## မန္တလေးဈေးကွက်တွင် ဗိုလ်ကိတ်ပဲအသစ်များဝင်ရောက်လာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာ

မန္တလေးဈေးကွက်တွင် ဗိုလ်ကိတ်ပဲအသစ်များ ဝင်ရောက်လာပြီး အရောင်းအဝယ်ပြန်လည် ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေကပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပြည်တွင်းဗိုလ်ကိတ်ပဲအသစ်များ ပေါ်သည့်ကာလဖြစ်သည့်အပြင် ပြည်ပက ပြန်လည်မှာယူလာခြင်းကြောင့် ဗိုလ်ကိတ်ပဲများ ရောင်းအားကောင်းမွန်လျက်ရှိပြီး မန္တလေးဈေးကွက်အတွင်း၌ ဗိုလ်ကိတ်ပဲများ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်းသိရသည်။

“ရောဝတီမြစ်ကြောင်းတစ်လျှောက် အထက်ပိုင်းဒေသတွေဖြစ်တဲ့ ကသာ၊ ဗန်းမော်စတဲ့ မြို့တွေကနေ အရည်အသွေးကောင်းမွန်တဲ့ ဗိုလ်ကိတ်ပဲတွေအများဆုံးထွက်ရှိပါတယ်။ အခုလက်ရှိ ဗိုလ်ကိတ်ပဲအသစ်တွေကို ပြည်ပကရော ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက် ဈေးနှုန်းမြင့်တက်လာပါတယ်” ဟု ဦးစက်မောင်ဆွေကပြောပါသည်။

မန္တလေးဈေးကွက်တွင် မတ်လဒုတိယပတ်က ဗိုလ်ကိတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ဗိုလ်ကိတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၆၀၀၀ ထိပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှသိရသည်။

**Source: ရတနာပုံသတင်းစာ**

စီးပွားရေးသံမှူးသတင်းများ

## သစ်သီးဝလံတင်ပို့မှု(၁၅%)တိုးတက်နိုင်သည်ဟု ထိုင်းနိုင်ငံဝန်ကြီးဌာနပြောကြားခြင်း



လက်ရှိ ပို့ကုန်အတားအဆီးများကို ကိုင်တွယ်ဖြေရှင်းမှုအား အရှိန်မြှင့်တင်ဆောင်ရွက်ရန်နှင့် ကန်ထရိုက်စာချုပ်များ ကြိုတင်ချုပ်ဆိုဆောင်ရွက်ခြင်းတို့ဖြင့် အရောင်းမြှင့်တင်ကာ သစ်သီးဝလံများအား ပြည်ပတင်ပို့မှုအနေဖြင့် (၁၅%)တိုးတက်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကမျှော်မှန်းထားကြောင်းသိရှိရပါသည်။

သက်ဆိုင်ရာတာဝန်ခံအရာရှိများ၊ သစ်သီးဝလံကုန်သည်များ၊ လယ်သမားများ၊ လက်လီလက်ကားကုန်သည်များ၊ အလားတူ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ အွန်လိုင်းပလက်ဖေါင်းများနှင့် ဘဏ္ဍာရေးအသင်းအဖွဲ့များ ပါဝင်သည့် ပူးတွဲတွေ့ဆုံသည့်အစည်းအဝေးအပြီးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က ဘတ်ငွေ (၂၈၇.၅၀)ဘီလီယံ တန်ဖိုးရှိသစ်သီးဝလံတင်ပို့မှု ရည်မှန်းချက်ကိုချမှတ်ခဲ့ကြောင်း၊ ၎င်းတွင် လတ်ဆတ်၊ အေးခဲနှင့် အခြောက်ခံထားသောသစ်သီးဝလံများနှင့်စည်သွပ်ထားသောသစ်သီးဝလံများပါဝင်ကြောင်း၊ အဆိုပါပမာဏတွင် ဘတ်ငွေ(၁၈၀) ဘီလီယံမှာ တရုတ်ပြည်သို့တင်ပို့မှုဖြစ်ကြောင်းနှင့် ယခင်နှစ်ကထက်(၆၅%)တိုးလာကြောင်း ပြောကြားခဲ့ပါသည်။

မစ္စတာဂျူရင်က ထိုင်းသစ်သီးဝလံများအား ဝယ်လိုအားများပြားခြင်းနှင့် ၂၀၂၂ ခုနှစ် သစ်သီးရာသီတွင် ထုတ်လုပ်မှု မြင့်တက်နိုင်ခြင်းတို့ကြောင့်ပို့ကုန်ရည်မှန်းချက်ကိုမြင့်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပို့ကုန်မြင့်တင်နိုင်ရန်အတွက်ဝန်ကြီးဌာနအနေဖြင့် အဓိကအားဖြင့် တရုတ်ဝယ်လက်များနှင့်တန်ချိန်(၄၅၀,၀၀၀)အထိအကျုံးဝင်သည့် ကြိုတင်စာချုပ်များမှတစ်ဆင့် သစ်သီးဝလံ ရောင်းချမှုမြင့်တင်ရန် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

မစ္စတာဂျူရင်၏ အဆိုအရ တရုတ်နိုင်ငံအနေဖြင့် Zero-Covid မူဝါဒအရ နယ်စပ်ဂိတ်လေးခုဖြစ်သည့် Mohan ၊ Youyi Guan ၊ Dongxing နှင့် Pingxiang တို့တွင် တင်းကြပ်သော စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ ထိုင်းသစ်သီးဝလံများအား တရုတ်နိုင်ငံသို့တင်ပို့မှုအဆင်ပြေစေရန် အကောင်းဆုံးကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ Dongxing နယ်စပ်ဂိတ်ဖွင့်လှစ်ခွင့်ရရှိရန် တရုတ်နှင့် ဆွေးနွေးမှုများအားအရှိန်မြှင့်တင်ဆောင်ရွက်လျှက်ရှိကြောင်းသိရှိရပါသည်။

လက်ရှိအားဖြင့် တရုတ်အာဏာပိုင်များအနေဖြင့် အဆိုပါနယ်စပ်ဂိတ်လေးခုလုံး၌ သစ်သီးကွန်တိန်နာများအားလုံးကို ၎င်းတို့၏ Zero-Covid မူဝါဒအရတင်းကြပ်စွာ စစ်ဆေးလျှက်ရှိကြောင်းသိရှိရပါသည်။ စစ်ဆေးခြင်းလုပ်ငန်းစဉ်က တင်ပို့မှုကို အနှောင့်အယှက်ဖြစ်စေပြီး တစ်ခါတစ်ရံတွင်သစ်သီးဝလံများပုပ်သိုးသွားတတ်ကြောင်းသိရှိရပါသည်။

မစ္စတာဂျူရင်က လာအိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့ရောင်းချမှု လွယ်ကူစေရေးအတွက် လာအိုနိုင်ငံမှ အရာရှိများနှင့် ဆွေးနွေးညှိနှိုင်းမှုများအား အရှိန်မြှင့်တင်ဆောင်ရွက်နိုင်စေရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကူးသန်းရောင်းဝယ်ရေး နှင့် လယ်ယာစိုက်ပျိုးရေးသံမှူးတို့အား တာဝန်ပေးအပ်ထားကြောင်းပြောကြားခဲ့ပါသည်။

ထို့အပြင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ထိုင်းနိုင်ငံနှင့်တရုတ်၊ လာအို၊ ဗီယက်နမ်နိုင်ငံ တို့အကြား သစ်သီးဝလံတင်ပို့မှုနှင့်သွင်းကုန်များတင်သွင်းမှု အရှိန်မြှင့်တင်နိုင်ရန်အတွက် ဘုံသဘောတူညီချက် တစ်ရပ်ထားရှိ ဆောင်ရွက်ရေးညှိနှိုင်းဆောင်ရွက်ရန်နှင့် အထူးသဖြင့် ထိုင်းသစ်သီးဝလံများအား ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ကုန်ပစ္စည်း ရှင်းလင်းမှု(Clearance)အား အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် နယ်စပ်ဂိတ်တစ်ခုစီတွင် အစိမ်းရောင်လမ်း(Green Lene)ထားရှိ ဆောင်ရွက်သွားရန်တို့အတွက် ပူးတွဲအစည်းအဝေးတစ်ရပ် ကျင်းပသွားရန် ထိုင်းနိုင်ငံမှ အဆိုပြုတင်ပြထားကြောင်းသိရှိရပါသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန၏ အစီရင်ခံစာအရ ၂၀၂၂ ခုနှစ် သစ်သီးရာသီအတွက်စုစုပေါင်း သစ်သီးဝလံ ထုတ်လုပ်မှုအနေဖြင့် (၁၃%)တိုးတက်နိုင်ကြောင်းနှင့် တန်ချိန်(၅.၄၃)သန်းရရှိလိမ့်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဒူးရင်းသီး (၂၂%)၊ မင်းဂွတ်သီး(၄၃%)၊ လောင်ဂန်သီး (၇.၈%)၊ ကြက်မောက်သီး(၆%)နှင့် သရက်သီး(၅%)တို့ဖြင့် အသီးသီးတိုးတက် နိုင်ကြောင်း၊ ထုတ်လုပ်မှု၏(၃၀%)မှာ ပြည်တွင်းစားသုံးရန်နှင့် ကျန်(၇၀%)မှာ ပြည်ပတင်ပို့ရန်ဖြစ်ကြောင်း သိရှိရပါသည်။

သစ်သီးဝလံ ပြည်ပတင်ပို့မှုဈေးကွက်များအနက် တရုတ်နိုင်ငံမှာထိုင်းနိုင်ငံ၏ အဓိကသစ်သီးဝလံတင်ပို့မှု ဈေးကွက်ကြီး ဖြစ်ပြီး၊ စုစုပေါင်းတင်ပို့မှု၏ (၆၅%)ရှိကြောင်း၊ ၎င်းနောက်တွင်အမေရိကန်(၁၀%)၊ ဟောင်ကောင်(၄%)၊ ဗီယက်နမ်(၃%)နှင့် မလေးရှား(၁%)တို့ဖြင့် အသီးသီးရှိနေကြောင်း သိရှိရပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## အိန္ဒိယနိုင်ငံ၌ မတ်ပဲနှင့်ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ပြုသည့်ကာလအားတိုးမြှင့်ခြင်း

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် မတ်ပဲနှင့်ပဲစင်းငုံတို့အား ကန့်သတ်ကုန်စည်အဖြစ်မှ လွတ်လပ်စွာ (Free) တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ ပြောင်းလဲသတ်မှတ်လျက် တင်ပို့ရာဒေသ၌ Bill of Lading ထုတ်ပေးခြင်းကို ၃၁-၃-၂၀၂၂ နေ့အထိလည်းကောင်း၊ အိန္ဒိယဆိပ်ကမ်းများ၌ ကုန်စည်များအား ဆိပ်ကမ်းရှင်းလင်းခြင်းကို ၃၀-၆-၂၀၂၂ နေ့ နောက်ဆုံးထား၍လည်းကောင်း တင်သွင်းခွင့်ပြုခဲ့ပါသည်။

ယခုအခါ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနသည် ၂၀၁၅-၂၀၂၀ နိုင်ငံခြားကုန်သွယ်မှုမူဝါဒအရ အခွင့်အာဏာအပ်နှင်း ထားရှိမှုကိုကျင့်သုံးလျက် မတ်ပဲနှင့်ပဲစင်းငုံတို့အား လွတ်လပ်စွာတင်သွင်းခွင့်အား ၃၁-၃-၂၀၂၃ နေ့အထိ တိုးမြှင့်သတ်မှတ်လိုက် ကြောင်းဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ် ၆၃/ ၂၀၁၅-၂၀၂၀ ကို ၂၉-၃-၂၀၂၂ နေ့တွင် ထုတ်ပြန်ခဲ့ကြောင်းသိရှိရပါသည်။

Source: Notification No.63/ 2015–2020 dated 29th March 2022 of the Ministry of Commerce and Industry of India
**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် ဝယ်ယူသူများ၏ အမှာစာများပယ်ဖျက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အွန်လိုင်းဈေးဝယ်ခြင်း ဝန်ဆောင်မှုကုမ္ပဏီ HKTV mall က ပြောကြားခဲ့ခြင်း

ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကြောင့် အွန်လိုင်းမှရောင်းချသူများအနေဖြင့် လုပ်ငန်းလည်ပတ်ရန် ဖိအားများဖြစ်ပေါ်လျက်ရှိသောကြောင့် ဝယ်ယူသူများ၏ အမှာစာများကို ပယ်ဖျက်သွားမည်ဟု အွန်လိုင်းဈေးဝယ်ခြင်း ဝန်ဆောင်မှုကုမ္ပဏီ HKTV mall က ပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Covid–19 Hong Kong supermarket and pharmacy chain impose purchase limits amid staff shortage and panic buying" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

ကိုဗစ်-၁၉ ကူးစက်မှုများ ရုတ်တရက်မြင့်တက်လျက်ရှိသောကြောင့် ဝန်ထမ်းအင်အား လျော့နည်းလျက်ရှိကြောင်း၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများမှာလည်း လုပ်ငန်းယာယီရပ်ဆိုင်းထားရာ အချို့သောကုန်သည်များမှာလည်း ကုန်အမှာစာများ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြကြောင်း စသည်ဖြင့်ရေးသားဖော်ပြထားပါသည်။
Source: **အေးသီရိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## STOCK EXCHANGE (1.4.2022)

***၁.၄.၂၀၂၂ ရက်နေ့သည် ဘဏ်ပိတ်ရက်ဖြစ်ပါသည်။**

TIR